ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

# အမိန့်ကြော်ငြာစာအမှတ် ၂၈ / ၂၀၂၀

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၉/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs/ R-22) သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေး စီမံခန့်ခွဲမှုစီမံကိန်းအရ အိုဇုန်းလွှာထိခိုက်ပျက်စီးမှုကို ထိန်းချုပ်ကာကွယ်နိုင်ရန် အိုဇုန်းလွှာ ပျက်စီးစေသော အဓိကဒြပ်ပစ္စည်းဖြစ်သည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs/R-22) အသုံးပြုသော မြင်းကောင်ရေ ၂.၅ အောက် အင်အားရှိ လေအေးပေးစက် (HCFCs/ R-22 based split and window type air conditioner equipment) များ ပြည်တွင်းသို့ တင်သွင်းမှုကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ တားမြစ်လိုက်သည်-

၁။ မြင်းကောင်ရေ ၁ ကောင်အား = 8000-9000 BTU/ hr

၂။ မြင်းကောင်ရေ ၁.၅ ကောင်အား = 11000-12000 BTU/ hr

၃။ မြင်းကောင်ရေ ၂ ကောင်အား = 17000-18000 BTU/ hr

၄။ မြင်းကောင်ရေ ၂.၅ ကောင်အား = 20000-21000 BTU/ hr

(ပုံ) အုန်းဝင်း

ပြည်ထောင်စုဝန်ကြီး

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စာအမှတ်၊ (သစ်တော)၃(၁)/၀၄(Ozone)/( ၁၆၀၅ / ၂၀၂၀ )

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက်